# အကြမ်းဖက်စစ်ကောင်စီတပ်များမှ ပြည်သူလူထုအပေါ် လူမဆန်သည့်လုပ်ရပ်များနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်

နိုဝင်ဘာ (၁၆)ရက်၊ ၂၀၂၁ခုနှစ်တွင် ကလေးမြို့နှင့် ချင်းပြည်နယ် နယ်စပ်ရှိ PDF (Kalay) တပ်ရင်း(၃) ယာယီစခန်းငယ်အား အကြမ်းဖက်စစ်ကောင်စီတပ်များမှ ဝင်ရောက်စီးနင်းသိမ်းပိုက်ခဲ့ပြီး Medical Team အမျိုးသမီးငယ် (၁၀)ဦးအား ဖမ်းဆီးကာ တပ်ဖွဲ့ဝင်(၂)ဦးကို ရက်ရက်စက်စက် သတ်ဖြတ်သွားကြောင်း မိမိတို့ CNO/CNDF မှ ကြားသိရသည့်အတွက် များစွာစိတ်မကောင်း ဖြစ်ရပါသည်။

ထို့အတူ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ အပ်လွယ်ကျေးရွာတွင် ကိုယ်ဝန် (၇) လ လွယ်ထားသည့် အသက် (၃၀)နှစ်အရွယ် အမျိုးသမီးတစ်ဦးအား စစ်ကောင်စီတပ်သား နှစ်ယောက်မှ နိုဝင်ဘာ (၁၁) ရက် ည ၁၁:၃၀ အချိန်ခန့်နှင့် မနက်ပိုင်း ၂:၃၀ အချိန်ခန့်တွင် လူမဆန်စွာ အကြိမ်ကြိမ် အဓမ္မပြုကျင့်ကြောင်းနှင့် မီးတွင်းနေ (၁) လခွဲအရွယ်ကလေးမိခင် အသက် (၂၇)နှစ် တစ်ဦးကို စစ်ကောင်စီတပ်သား သုံးယောက်မှ နိုဝင်ဘာလ (၁၁) ရက်ညတွင် လူမဆန်စွာအကြိမ်ကြိမ် အဓမ္မပြုကျင့်ကြောင်း ကြားသိရသည့်အတွက် အော့နှလုံးနာ ရွံရှာစက်ဆုပ်မိပါသည်။

၎င်းဖြစ်စဉ်များနှင့် ပတ်သတ်ပြီး အကြမ်းဖက်စစ်ကောင်စီများသည် ကျား၊ မ၊ လူကြီး၊ လူငယ်နှင့် ကိုယ်ဝန်သည်မရွေး ပြည်သူများအပေါ် လူသားချင်းစာနာထောက်ထားမှုကင်းမဲ့စွာ ညှင်းပန်း၊ နှိပ်စက်၊ အနိုင်ကျင့် သတ်ဖြတ်နေမှုများအား CNO/CNDF အနေဖြင့် ပြင်းထန်စွာ ရှုတ်ချပါသည်။

ထိုကဲ့သို့ အကြမ်းဖက်စစ်ကောင်စီများမှ နိုင်ငံတကာစစ်ရာဇဝတ်မှု ကျူးလွန်နေသည့်အပေါ် အခွင့်အားလျော်စွာ CNO/CNDF မှ ဒေသ၊ ကာလမရွေး လက်တုန့်ပြန်သွားမည် ဖြစ်သည်။

သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန
ချင်းအမျိုးသားအဖွဲ့ချုပ်